ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၂၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလှသိန်း၊ မွန် (၆)၊ မိသားစုကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ပို့ကုန်မြှင့်တင်ရေး အစည်းအဝေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ခုံရုံး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး မင်းသူ၊ တပ်မတော်၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၃။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော် နာယကက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ ပေးပို့ခဲ့ကြောင်း သိရှိရပြီး အမျိုးသားပညာရေး ဥပဒေနဲ့ပတ်သက်ပြီးတော့ တင်းမာမှုများ၊ ဆန္ဒပြမှုများ၊ သပိတ်မှောက်မှုများ၊ ဖိအားပေးမှုများဖြင့် ပြည့်နှက်နေသော အခြေအနေမျိုးမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအား ကျယ်ကျယ်ပြန့်ပြန့် ကြားနာနိုင်ရေးအတွက် အဖွဲ့အမျိုးအစား (၆)မျိုးကို ဖွဲ့စည်းပြီး ၂၀၁၅ ခုနှစ်၊ မတ်လ (၅) ရက်နေ့မှစပြီး (၁၅) ရက်နေ့အထိ ချိန်းဆိုကြားနာစေခဲ့ကြောင်း သိရှိရပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် ကျယ်ပြန့်သောအမြင်များကို ရရှိစေခဲ့ပါတယ်။ ထို့အပြင် ပြည်သူများအနေဖြင့်လည်း ပိုမိုသိရှိ သဘောပေါက်လာစေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ အမြော်အမြင်ကြီးမားသော ဤဆောင်ရွက်ချက်သည် အမျိုးသားလွှတ်တော်အတွက် ဂုဏ်ယူမှတ်တမ်းတင်စရာ တစ်ခုဖြစ်သည့်အပြင် လွှတ်တော် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို အခိုင်အမာ သက်သေထူထောင်လိုက်ခြင်းဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မဆုံး ဖြစ်ရပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်များအနက် အခြေခံပညာကဏ္ဍနှင့် သက်ဆိုင်သည့် အချက်အလက်များ ဖော်ပြပါရှိချက်များအပေါ် အထူးအလေးနက်ထား အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိရေး၊ တည်ဆဲသက်ဆိုင်ရာဥပဒေများနှင့် မဆန့်ကျင်ရေး အမှန်တကယ် လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေဖြစ်ရေးတို့ကို အထူးအလေးထားပြီး ရဲရဲဝံ့ဝံ့ တင်ပြထားကြောင်း တွေ့ရှိရ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကို ပြင်ဆင်ရာမှာ အခြေခံပညာကဏ္ဍနှင့် သက်ဆိုင်သည့် အချက်အလက်အချို့ကို အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ ပြဋ္ဌာန်းထားရှိသော အမျိုးသားပညာရေး ဥပဒေနှင့် ယခုတင်ပြသော အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို မူကြိုပညာရေး ဆိုတဲ့ စကားလုံး အသုံးအနှုန်းတစ်ရပ်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မူကြိုဆိုသည့် စကားရပ်မှာ မူလတန်းကြိုကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဥပဒေမှာ အတိုကောက် အသုံးအနှုန်းများကို သုံးနှုန်းရန် မသင့်ပါသဖြင့် အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ)ကို မူကြိုပညာရေးဆိုသည်မှာ အသက် (၃)နှစ်မှ (၅)နှစ်အရွယ်ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက် သင်ယူနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်ပေးသော မူလတန်းကြိုပညာရေးကို ဆိုသည်ဟု ပြင်ဆင်ရေးသားနိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၅ ဖြင့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၉ ကို အစားထိုးရာမှာလည်း မိခင်တိုင်းရင်းသား ဘာသာစကားဆိုသည့် စကားရပ်ကို ရှင်းရှင်းလင်းလင်း

ဖြစ်စေဖို့ မိခင်တိုင်းရင်းသား ဘာသာစကားဆိုသည့် အစား သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကား ဟု ပြင်ဆင်ရေးသားသင့်ပါကြောင်း၊ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား သင်ကြားရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား အသီးသီးတို့၏ ဘာသာစကားမှာ တိမ်ကောပပျောက်ခြင်းမရှိ ပကတိ ဖွံ့ဖြိုးတက်မှုကို အထူးအလေးထားလျက် ဥပဒေပြုကာ ဖော်ဆောင်လာခြင်းကို ကျွန်တော်တို့ အားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရမှာ ဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားကို မူကြိုပညာရေးတွင် (၁)ရာခိုင်နှုန်း၊ မူလတန်းအောက်ဆင့်တွင် (၆၀)ရာခိုင်နှုန်း၊ မူလတန်းအထက် အဆင့်တွင် (၄၀)ရာခိုင်နှုန်း သင်ကြားခွင့် ကျောင်းသင်ဘာသာရပ်ဖြင့် ဖြစ်နိုင်ခြေကို လက်တွေ့ လုပ်ဆောင် အောင်မြင်ရန် အထူးအလေးအနက်ထား အချိန်ယူ စဉ်းစားဆောင်ရွက်ရန် လိုအပ်လိမ့်မည် ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားပညာရေးကို ပြင်ဆင်သည့်ဥပဒေကြမ်းမှာ မသန်စွမ်းသူများ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်နေသော အစီအမံ များ၊ အထောက်အကူပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များနဲ့ အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်ဆောင်ရွက်ပေးမည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာရန် ကြိုးပမ်း ထားကြောင်း တွေ့ရ၍ ပြည်ထောင်စုဖွား တိုင်းရင်းသား မသန်စွမ်းသူများအတွက် မေတ္တာစိတ်ဖြင့် ဝမ်းမြောက်မဆုံး ဖြစ်ရပါကြောင်း ဖော်ပြရင်း အမျိုးသားပညာရေးဥပဒေကို ဖြည့်စွက်ပြင်ဆင် တင်ပြ ပေးသည့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ပြင်ဆင်ချက်များကို အလေးအနက် ထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးများစွာတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်မှူးအောင်ကျော်ဇော (တပ်မတော်သားကိုယ်စားလှယ်)။** ။ ရိုသေလေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်လူကြီးမင်းများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၉၆၁၅ ဗိုလ်မှူးအောင်ကျော်ဇော ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အချို့ကို အကြံပြုဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာဆိုတာ သုံး၍မကုန်နိုင် သလို လေ့လာဆည်းပူး၍လည်း မကုန်နိုင်တဲ့အတွက် ယနေ့ခေတ်မှာ ဘဝတစ်သက်တာ လေ့လာ ဆည်းပူးနေကြရလို့ Life Long Learning လို့ ပညာရှင်တွေက ပြောဆိုလေ့ရှိပါတယ်။ ကျောင်းတက်၍ ပညာသင်ယူနေကြရတဲ့အရွယ်မှာ ပညာသင်ယူခြင်းဟာ ဝမ်းစာဖြည့်ခြင်းဖြစ်ပြီး ကျောင်းမှာ သင်ကြား

ပေးမှုနဲ့ ကိုယ်တိုင်လေ့လာသင်ယူမှု ပေါင်းစပ်ပြီး လက်တွေ့ဘဝမှာ အသုံးချကြရတာ ဖြစ်ပါတယ်။ ကျောင်းစည်းကမ်း၊ လူမှုစည်းကမ်း ကောင်းမွန်မှုများကိုလည်း ပညာသင်ယူနေစဉ် အခြေခံခိုင်မာအောင် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ပညာရေး အားနည်းခြင်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျ ကျန်စေတဲ့အတွက် နိုင်ငံတိုင်းဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် မြို့ပြနှင့် ကျေးလက် ပညာရေးကွာဟချက် များပြားပြီး ကျေးလက်နေ ကလေးများရဲ့ ပညာရေးတိုးတက်မှုဟာ နှေးကွေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ အဓိကအနေနဲ့ကတော့ တိုင်းရင်းသားကလေးငယ်များအကြား မြန်မာနိုင်ငံရဲ့ ပင်မစကားဖြစ်တဲ့ မြန်မာစကား ပြောဆိုနိုင်မှု အားနည်းတဲ့အတွက်ကြောင့် ပညာသင်ကြားရေးမှာ အခက်အခဲများ ရှိနေတာပဲ ဖြစ်ပါတယ်။ လေ့လာဆန်းစစ်ချက်များအရ ကျောင်းနေအရွယ် ကလေးသူငယ်များရဲ့ ကျောင်းအပ်နှံမှုဟာ (၉၅)ရာခိုင်နှုန်းခန့် ရှိသော်လည်း သူငယ်တန်းမှ တစ်တန်း၊ နှစ်တန်းစသည်ဖြင့် မူလတန်းအဆင့် တန်းစဉ် ကူးပြောင်းမှု ရာခိုင်နှုန်းဟာ ဒေသအချို့မှာ အတော်နည်းပါးသွားတာကို တွေ့ရှိရပါတယ်။ ပညာသင်ကြားမှု သက်တမ်း (၁၀)နှစ်ခန့်အကြာ ဆယ်တန်းရောက် ကျောင်းသား/ကျောင်းသူ ရာခိုင်နှုန်းနဲ့ တက္ကသိုလ်ရောက်သူ ကျောင်းသား/ကျောင်းသူ ရာခိုင်နှုန်းဟာ အလွန်နည်းပါး လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ပညာရေးမြှင့်တင်မှုလုပ်ငန်းများနဲ့ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး ကျောင်းသား/ကျောင်းသူများနဲ့ ပြည်သူလူထုကပါ စိတ်ဝင်တစား ပါဝင်ဆွေးနွေးကြတာဟာ လွန်စွာ အားရစရာ ကောင်းလှပါတယ်။

ကျွန်တော့်အနေဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပုဒ်မ(၄)ခုကို အကြံပြုဆွေးနွေး တင်ပြသွားပါမယ်။။ Power Point Presentation ကို အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၄၉(ခ)အဖြစ် သင်ယူသူများသည် (က) လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောဆိုပိုင်ခွင့် ရှိသည်လို့ ပြင်ဆင်သင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ မြန်မာစာ ရေးထုံး ရှင်းလင်းတိကျမှု ရှိစေရန်အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

မူလဥပဒေပုဒ်မ ၅၆ (က) အဖြစ် တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီ နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။ အဆိုပါ ပြဋ္ဌာန်းချက်သည် ပုဒ်မ ၅၇(ခ)ပါ ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြား ခွင့်ပြုချက်ဖြင့် ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများနှင့် မသက်ဆိုင်စေရ လို့ ဖြည့်စွက်လိုပါတယ်။ သို့မှသာ ပုဒ်မ ၅၇ (ခ)ပါ ပြဋ္ဌာန်းချက်များနဲ့ ရှေ့နောက်ညီညွတ်မှု ရှိစေမှာ ဖြစ်ပါတယ်။

မူလဥပဒေပုဒ်မ ၅၇(ခ)ကို တင်ပြပါအတိုင်း ပြင်ဆင်အစားထိုးလိုပါတယ်။ ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့် ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်လို့

ပြင်ဆင် ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းကတော့ မြန်မာစာရေးထုံး မှန်ကန်စေရန်ပဲ ဖြစ်ပါတယ်။

မူလဥပဒေပုဒ်မ ၆၂ (က)အဖြစ် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို (၅)နှစ်အတွင်း တစ်နိုင်ငံလုံး အသုံးစရိတ်၏ သင့်တော်သော ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြှင့်သုံးစွဲနိုင်ရန် ရည်မှန်း ဆောင်ရွက်ရမည်လို့ ပြင်ဆင်အစားထိုးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဟာ အလွန်ပဲ အရေးပါတဲ့အတွက် ပညာရေးအသုံးစရိတ်ကို နှစ်စဉ်တိုးမြှင့်သုံးစွဲသင့်တာ အမှန်ပဲ ဖြစ်ပါတယ်။ ဒီလို တိုးမြှင့်သုံးစွဲတဲ့အခါ နိုင်ငံတော်ရဲ့ လိုအပ်ချက်၊ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများအရ အမျိုးသားစီမံကိန်းဥပဒေနဲ့ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ နှစ်စဉ် ညှိနှိုင်းရေးဆွဲပြီး နိုင်ငံတော် ဒုတိယသမ္မတ ဦးဆောင်တဲ့ ဘဏ္ဍာရေးကော်မရှင်မှ စိစစ်အတည်ပြုပြီးတဲ့နောက် ပြည်ထောင်စု လွှတ်တော်ကို တင်ပြဆွေးနွေးပြီးမှသာ အတည်ပြု ဆောင်ရွက်ရတာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံး အသုံး စရိတ်၏ ရာခိုင်နှုန်းမည်မျှ ဖြစ်ရမယ်လို့ အမျိုးသားပညာရေးဥပဒေထဲမှာ ပုံသေထည့်သွင်း ပြဋ္ဌာန်း ခဲ့မယ်ဆိုရင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ဘဏ္ဍာငွေကို လိုတိုးပိုလျှော့ ဆောင်ရွက်ဖို့အတွက် အခက်အခဲ အကန့်အသတ် ဖြစ်သွားနိုင်တဲ့အတွက် ကြောင့် တစ်နိုင်ငံလုံး အသုံးစရိတ်၏ သင့်တော်သည့် ရာခိုင်နှုန်းအထိ နှစ်စဉ် တိုးမြှင့်သုံးစွဲသွားရန်လို့သာ ထည့်သွင်းပြဋ္ဌာန်း သင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ် ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ယခု ပြင်ဆင် ပြဋ္ဌာန်းတဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းဟာ ကျောင်းသား/ ကျောင်းသူများရဲ့ လိုလားတင်ပြချက်များနှင့်လည်း ကိုက်ညီမှုရှိပြီး လူငယ်များရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူပြုနိုင်တဲ့အပြင် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာမှာလည်း နိုင်ငံတော်ရဲ့ လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိပြီး အမှန်တကယ် အသုံးဝင်မယ့် ပညာရေးဥပဒေ တစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဗိုလ်မှူးအောင်ကိုမင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင် လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၄၀၄၂ ဗိုလ်မှူးအောင်ကိုမင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအပေါ် အကြံပြု

ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်လို့ ဦးစွာတင်ပြလိုပါတယ်။

ယနေ့ကျွန်တော်တို့ ဆွေးနွေးနေတဲ့ မြန်မာ့ပညာရေး၊ အမျိုးသားပညာရေး ဥပဒေဟာ ပညာရေးမြှင့်တင်ဖို့လိုသလို ခိုင်မာဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ပညာရှာတယ်ဆိုတာ ဝမ်းစာဖြည့်တင်းခြင်းဖြစ်၍ သုံး၍လည်းမကုန်နိုင်သလို လေ့လာ၍လည်း မကုန်နိုင်ပါဘူးခင်ဗျား။ ပညာသင်ကြားရေးမှာ ပညာရေးကိုပဲ ဦးစားပေးပြီး ရရှိတဲ့အတွေ့အကြုံနဲ့ဘဝကို အကျိုးရှိရှိ အသုံးချနိုင်တဲ့ ပညာရေးအဆင့်အတန်း ဖြစ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် တင်ပြဆွေးနွေးမှာကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၂ (ဆ)၊ ပုဒ်မ ၄ (ခ)၊ ပုဒ်မ ၅ (ဂ)၊ ပုဒ်မ ၂၁ (က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၄၁ (ခ)နဲ့ ပုဒ်မ ၄၄ တို့ကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ဆွေးနွေးတင်ပြမှုကို PowerPoint ဖြင့် တင်ပြခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးထံ ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၃မှာပါတဲ့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဆ)အား အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အဆိုပြုချက်အနေဖြင့် တင်ပြပါ လွတ်လပ်စွာတွေးခေါ်ရေး ဟူသော စကားရပ်ကို အစားထိုး အဆိုပြုထားပြီး ဥပဒေကြမ်းကော်မတီမှလည်း တင်ပြပါအဆိုပြုချက်အတိုင်း တင်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုတာကတော့ ဘက်စုံတွေးခေါ်မှန်ကန်ရေးဟူသော စကားရပ်ကို မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဆ) အတိုင်း ထားရှိဖို့ တင်ပြလိုပါတယ်။ အကျိုးအကြောင်း ဖော်ပြချက်အနေဖြင့် မူလဥပဒေပုဒ်မ ၂ (ဆ) အား ဘက်စုံတွေးခေါ်မှန်ကန်ရေး ဟူသော စကားရပ်အား လွတ်လပ်စွာ တွေးခေါ်ရေးဟူသော စကားရပ်ဖြင့်အစားထိုးထားခြင်း ဖြစ်ပါတယ်။ လွတ်လပ်သော တွေးခေါ်ခြင်းသည် မှန်ကန်တဲ့ တွေးခေါ်မှုဖြစ်နိုင်ချင်မှ ဖြစ်နိုင်မှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်တဲ့အတွက် တိတိကျကျ ရေးသားဖို့လိုပါတယ်။ လွတ်လပ်စွာ တွေးခေါ်ခြင်းဟာ လွန်စွာ ကျယ်ပြန့်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အမှန်တကယ် အကျိုးပြုနိုင်တဲ့ စိတ်ရင်းစေတနာမှန်နဲ့ မှန်ကန်စွာ တွေးခေါ်နိုင်ဖို့ လိုအပ်ပါတယ်။ လွတ်လပ်စွာ တွေးခေါ်၍ဟူသော စကားရပ် မထည့်ရင်လည်း ဘာမှမဖြစ်လာနိုင်ပါဘူး။ လွတ်လပ်စွာ တွေးခေါ်၍ဟူသော စကားရပ်ကြောင့် မှားယွင်းတဲ့ နိုင်ငံ့အတွက် အကျိုးမရှိနိုင်တဲ့ အတွေးအခေါ်တွေလည်း တွေးခေါ်နိုင်တယ်လို့ ယူဆတဲ့အတွက် ဘက်စုံတွေးခေါ် မှန်ကန်၍ဟူသော စကားရပ်အား မူလစကားရပ်အတိုင်း ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ်(၁၁)ပါ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက် ဥပဒေပုဒ်မ ၄(ခ)အား အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အနေဖြင့် တင်ပြပါ အတိုင်း၄(ဂ)ဖြင့် အစားထိုးထားပြီး ဥပဒေကြမ်းကော်မတီအနေဖြင့် တင်ပြပါ အတိုင်း ပုဒ်မ ၄(ခ)အဖြစ် အစားထိုးအသစ်ဖြည့်စွက်ထားတာ တွေ့ရပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်မှာ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ ဆက်စပ်ဥပဒေများနဲ့ နည်းဥပဒေများ ရေးဆွဲရာတွင် တင်ပြပါ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူ၍လို့ ဖော်ပြထားတဲ့

အတွက် အကြံပြုချက်ရယူသင့်တာ ထောက်ခံပါတယ်။ အရေးကြီးတဲ့ ကိစ္စတွေဆိုရင် ကျယ်ကျယ်ပြန့်ပြန့် အကြံပြုချက်ရယူ ရမှာဖြစ်ပါတယ်။

သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇(က)(၁)မှာလည်း အထက်တင်ပြပါ အဖွဲ့အစည်းများအတွက် ပြဋ္ဌာန်းထားတာ မတွေ့ရှိရပါဘူး။ မူဝါဒများ၊ ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲခြင်းနဲ့ အဆိုပြုတင်ပြချက်မှာပါရှိတဲ့ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းသည် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဖြစ် ပါတယ်။ ဝန်ကြီးဌာနရဲ့ ဆင်ခြင်တုံတရားနဲ့ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါတယ်။ ဒါ့အပြင် အမျိုးသား ပညာရေးဥပဒေ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်တို့တွင် အမှီခိုကင်းတဲ့ ပညာရှင်တွေနဲ့ ဖွဲ့စည်းထားပြီးဖြစ်တဲ့ အတွက် မူဝါဒတွေကို ကော်မရှင်တွေက ချမှတ်ရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေကလည်း ဆက်စပ်ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ရေးဆွဲရာမှာ မူလ Mother Law ကိုကျော်လွန် ဆောင်ရွက်လို့မရပါဘူး။ ဒါ့အပြင် မူလဥပဒေရေးဆွဲစဉ်ကလည်း နိုင်ငံတကာပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ပါ အကြိမ်ကြိမ် ဆွေးနွေးပြီး ကျယ်ကျယ်ပြန့်ပြန့် အကြံဉာဏ်ရယူခဲ့တာဖြစ်တဲ့အတွက် လိုအပ်ရင် အလားတူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်သည့် ဥပဒေပုဒ်မ ၄(ခ)နဲ့ ပတ်သက်ပြီး ပြန်လည်စဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ်(၁၂)မှာပါတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစားထိုးအဆိုပြု ဥပဒေပုဒ်မ ၅(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ပေးအပ်၍ ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်ကို ဆောင်ရွက်စေရမည်လို့ ဒါ ပါရှိတဲ့အတွက် ကော်မရှင် အတွင်းရေးမှူးနဲ့ တွဲဘက်အတွင်းရေးမှူးတွေက ရုံးလုပ်ငန်းကိုသာ ဆောင်ရွက်ရမည်သဘော သက်ရောက်နေပါတယ်။ ရုံးလုပ်ငန်းသာမက ကော်မရှင်၏ လုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ပါ ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်ကိုဆိုတဲ့ စကားရပ်၏ နောက်တွင် ပါဆိုတဲ့ စကားရပ်ထည့်သွင်းပြီး ရုံးလုပ်ငန်းတာဝန်ကိုပါ အသစ်ဖြည့်စွက်ဖို့အတွက် အကြံပြု အပ်ပါတယ် ခင်ဗျား။

ဥပဒေကြမ်းကော်မတီ အမှတ်စဉ်(၂၂) အပိုဒ်(၂၈)ပါ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၁(က) အား ဥပဒေကြမ်းအဆိုပြုတွင် ပယ်ဖျက်ထားပြီး ဥပဒေကြမ်းကော်မတီက မူလအတိုင်းထားရှိဖို့ အကြံပြုတင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုတာကတော့ မူလတန်းအဆင့်ဆို သည့် စကားရပ်၏ရှေ့တွင် အခြေခံပညာဆိုတဲ့ စကားရပ်အား အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန် ဖြည့်စွက်ဖို့ အကြံပြုတင်ပြအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အမှတ်စဉ်(၂၂) အပိုဒ်(၂၉)မှာ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ၂၁(ခ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအဆိုပြုတွင် တင်ပြပါ အတိုင်း ပြင်ဆင်ထားပြီးတော့ ဥပဒေကြမ်းကော်မတီကလည်း အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင် အကြံပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်းထားရှိပြီး အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန် အလယ်တန်းအဆင့် ဆိုသည့်စကားရပ်၏ ရှေ့တွင် အခြေခံပညာဆိုတဲ့

စကားရပ်နှင့် အလယ်တန်းအဆင့်စကားရပ်၏ နောက်တွင် အောင်မြင်ဆိုတဲ့ စကားရပ်အား ဖြည့်စွက်လိုတဲ့အတွက် အကြံပြုတင်ပြအပ်ပါတယ်။

ဥပဒေကြမ်းပြင်ဆင်ရေးကော်မတီ ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်အပိုဒ်(၃၀)မှာ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၁(ဂ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အဆိုပြုတွင် တင်ပြပါအတိုင်း ပြင်ဆင်ထားပြီးတော့ ဥပဒေကြမ်းကော်မတီကလည်း အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်အကြံပြုထားပါတယ်။ အထက်တင်ပြပါ ၂၁(ခ)ဖြည့်စွက်ချက်အတိုင်း အဓိပ္ပာယ်ပိုမို ပြည့်စုံစေရန် အထက်တန်းအဆင့်ဆိုတဲ့ စကားရပ်၏ရှေ့တွင် အခြေခံပညာဆိုတဲ့ စကားရပ်နှင့် အထက်တန်းအဆင့်စကားရပ်၏ နောက်တွင် အောင်မြင်ဆိုတဲ့ စကားရပ်အား ဖြည့်စွက်ဖို့ အကြံပြုတင်ပြအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အမှတ်စဉ်(၃၈) အပိုဒ်(၄၅)ပါ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၁(ခ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် မသန်စွမ်းသူများ အတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမယ်လို့ ပြင်ဆင်ထားပြီး ဥပဒေကြမ်းကော်မတီကလည်း အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အဆိုပြုတင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ မူလဥပဒေအတိုင်းထားရှိဖို့ အကြံပြုလိုပါတယ်။ အကျိုးကြောင်းဖော်ပြချက်အနေဖြင့် မသန်စွမ်းသူများကို ကိုယ်လက်အင်္ဂါမပြည့်စုံလို့ပဲ မြင်နေကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မသန်စွမ်း အမျိုးအစား(၄)မျိုး သတ်မှတ်ထားပြီးတော့ အမြင်အာရုံချို့တဲ့သူများ၊ အကြားအာရုံချို့တဲ့သူများ၊ ဉာဏ်ရည်ချို့တဲ့သူများနှင့် မတူကွဲပြားသင်ယူသူများလို့ (၄)မျိုးသတ်မှတ်ထားပါတယ်။ အဲဒီပုဂ္ဂိုလ်အတွက် အလေးအနက်ထားဆောင်ရွက် စေလိုတဲ့အတွက် လေးနက်ပြီး အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန် မူလစာသားများအတိုင်း ထားရှိဖို့ အကြံပြုအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အမှတ်စဉ်(၄၀) အပိုဒ်(၄၇)မှာပါရှိတဲ့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ အား အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပယ်ဖျက်ထားပါတယ်။ ကျွန်တော့်အနေနဲ့ မူလဥပဒေအတိုင်းထားရှိဖို့ အကြံပြုလိုပါတယ်။ အကျိုးကြောင်းဖော်ပြချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းပါရှိပြီး မူလဥပဒေပုဒ်မ ၄၄ မှာပါတဲ့ တိုင်းရင်းသား စာပေ၊ ဘာသာစကား၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး အခွင့်ရေးတွေပေးထားတာဖြစ်ပါတယ်။ ဒီဥပဒေကို ပယ်ဖျက်လိုက်တယ်ဆိုရင် ဒီဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးသွားနိုင်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ အစားထိုးပုဒ်မ ၄၃ ပါ အချက်များသည်လည်း ကျောင်းပညာရေး သင်ကြား သင်ယူမှုအတွက်သာ ဖော်ပြထားတာဖြစ်ပြီးတော့ မူလဥပဒေပုဒ်မ ၄၄ ပါ အခွင့်အရေး များမပါဝင်တာ တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ အတိုင်း ပြန်လည် ထည့်သွင်းသင့်ပါတယ်လို့ အကြံပြုတင်ပြရင်း ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မ ဒီ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်တဲ့ဟာကို ပုဒ်မတွေကို မဆွေးနွေးခင်မှာ နည်းနည်းလေး နိဒါန်း အနေနဲ့ ပြောခွင့်ပြုပါ။ ဘာလည်းဆိုတဲ့အခါကျတော့ ကျွန်မတို့က လေးပွင့်ဆိုင်မှာ ကျွန်မတို့ သွားတက် ခဲ့တာဆိုတဲ့အခါကျတော့ အဲဒီမှာ ကလေးတွေ ပြောတဲ့စကား၊ နောက်တစ်ခါ မီဒီယာတွေမှာ ပါတဲ့စကား သူတို့ပြောတာ ဘာလည်းဆိုတော့ အစိုးရကို အယုံအကြည်မရှိဘူးဆိုတဲ့ စကားလုံးဟာ ကျွန်မတို့ တော်တော်လေး စိတ်မကောင်းဖြစ်ရပါတယ်။ ဘာလို့လည်းဆိုတဲ့ အခါကျတော့ ကျွန်မ ဥပမာ ပေးချင် ပါတယ်။ ကျွန်မတို့ မိဘနဲ့ သားသမီး၊ နောက်တစ်ခါကျတော့ ဆရာနဲ့ တပည့်၊ နောက်တစ်ခါကျတော့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထု အဲဒီအခါမှာ ကျွန်မတို့ ကိုယ့်သားသမီးကို မလှတာ မပတာ၊ ဆင်းရဲတာ ငတ်မွတ်တာကို ကြည့်ချင်တဲ့ မိဘမရှိသလို ကိုယ့်ရဲ့ တပည့်သား မြေးကို စာမေးပွဲကျစေချင်တဲ့၊ ညံ့ဖျင်းစေချင်တဲ့ ဆရာဆိုတာလည်း မရှိပါဘူး။ ထို့အတူပဲ နိုင်ငံတစ်နိုင်ငံကို တာဝန်ယူနေတဲ့ လူတွေကလည်း ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ကိုပဲ ဦးစားပေးပြီးတော့ ကိုယ့်နိုင်ငံ မဖွံ့ဖြိုးအောင်၊ မတိုးတက်အောင်၊ ကျဆုံးအောင် လုပ်တဲ့ အစိုးရလည်းမရှိဘူးလို့ ကျွန်မတော့ အဲဒီလို ယုံကြည်ထားပါတယ်။

အဲဒီလိုလည်း ယုံစေချင်ပါတယ်။ ဒီသံသယနဲ့ ကျွန်မတို့ အဂတိဟာ ဆိုးကျိုးကို ပေးပြီးတော့ ကောင်းကျိုးကို တော်တော်လေးဖျက်ဆီးတဲ့သဘောရှိပါတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ကို ပြောလိုက်ပါတယ်။ ပြောတယ် ကလေးတွေက ဘာလည်းဆိုတော့ မဲခွဲတာတောင်မှပဲ သိသာအောင်၊ ထင်ရှားအောင်ခွဲပေးပါ။ ဘာလို့လည်းဆိုတော့ ဘယ်သူက သူတို့တင်ပြလိုက်တဲ့ဟာတွေကို ကန့်ကွက်တယ်၊ ဘယ်သူက ထောက်ခံတယ်ဆိုတာ ကျွန်တော်တို့ အပြင်ကနေကြည့်ပြီးတော့ မှတ်တမ်းတင်မယ်လို့ အဲဒီလိုပြောတာကို ကျွန်မတို့ သိရပါတယ်။ အဲဒီတော့ကာ အဲဒါ ကလေးတွေက သူတို့က ဒီဟာအပေါ်မှာ သူတို့လိုလားတယ်၊ မလိုလားဘူးဆိုတာကို ဆုံးဖြတ်မယ်ဆိုတဲ့သဘောပါ။ အဲဒီတော့ ကျွန်မတို့က ဘာပဲဖြစ်နေနေ ယိုင်နေရင် မတ်ပေးပြီးတော့၊ မှောင်နေရင် အလင်းပေးမယ့်လူတွေလို့ပဲ မြင်စေချင်ပါတယ်။

အခု ပြင်ဆင်တဲ့ ဥပဒေနဲ့ပတ်သက်လို့လည်း ကျွန်မတို့က သူတို့ဆန္ဒတွေကို လွတ်လွတ်လပ်လပ် နိုင်ငံတော်ကလည်း တင်ပြခွင့်ပြုတယ်၊ သူတို့ကလည်း တင်ပြတယ်၊ သူတို့လည်းတင်ပြခွင့်ရတယ်၊ အဲဒါကြောင့်မို့လို့ ကျွန်မတို့က ဝမ်းသာပါတယ်။ ဝမ်းသာတဲ့အတူ အခုလို လူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စိတ်ဝင်စားတာကိုလည်း ကျွန်မတို့က ကြိုဆိုပါတယ်။ နောက်တစ်ခါ ကျွန်မတို့ ဒီ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ခွင့်ရှိတာတွေကိုလည်း အတတ်နိုင်ဆုံး အစွမ်းကုန် ဆောင်ရွက်ပြီးတော့မှ အလွှာအသီးသီးက အသံတွေကို နားထောင်ပြီးတော့မှ ဥပဒေကြမ်းကော်မတီက ပြန်လည်ပြီးတော့ ပြင်ဆင်ထားတာလေးတွေအတွက်လည်း၊ ညှိနှိုင်းပြီးတော့ ရေးဆွဲထားတာ

တွေအတွက်လည်း တော်တော်လေး ပြည့်စုံသွားတဲ့အတွက်ကြောင့်မို့လို့ အများကြီးတော့ ပြောစရာမရှိတော့ဘူး လို့တော့ အဲဒီလိုပဲ လေ့လာတွေ့ရှိရပါတယ်။

သို့သော် ကျွန်မတို့ အာဆီယံဒေသတွင်း နိုင်ငံတွေမှာ ဆိုလို့ရှိရင် ကျွန်မတို့ မလေးရှားနဲ့ ဖိလစ်ပိုင်မှာဆို မလေးရှားမှာ သူတို့ မျိုးနွယ်စုတွေ (၁၄၇)စုရှိပါတယ်။ ဖိလစ်ပိုင်မှာ (၁၈၀)ရှိတယ်။ အဲလောက်ရှိတဲ့ကြားထဲက သူတို့ ပညာရေးကို အောင်မြင်အောင် ဘယ်လိုလုပ်နေတယ်ဆိုတာ ကျွန်မတို့ နည်းနည်းလေ့လာပြီးတော့ အကဲခတ်ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ကာ ကျွန်မတို့ ဒီ ပြင်ဆင်ပြီး သွားတဲ့အထဲက ကျွန်မတို့ ပြည်သူ့လွှတ်တော်က ဆွေးနွေးတာဖြစ်သလို၊ အမျိုးသားလွှတ်တော်ကလည်း ဆွေးနွေးအုံးမယ်၊ နောက် ပြည်ထောင်စုကျရင်လည်း ကျွန်မတို့ ဆွေးနွေးကြဦးမှာ ဖြစ်ပါတယ်။

အဲဒီတော့ကာ ကျွန်မကလည်း နည်းနည်းပါးပါးပဲ ဒီမှာ ပြောချင်ပါတယ်။ အဲဒါကတော့ ဘာလည်းဆိုတဲ့အခါကျတော့ ဒါ အများသိကြတဲ့အတိုင်းပါပဲ၊ ကျွန်မတို့ ပုဒ်မ ၂(ဆ)ဖြစ်ပါတယ်။ ပုဒ်မ ၂(ဆ)မှာ ကျွန်မတို့ အဆိုပြုပြင်ဆင်ထားတာကတော့ အဆိုပြုတဲ့အထဲမှာ ဘာပါလည်းဆိုတဲ့အခါကျတော့ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးဆိုတဲ့ စကားရပ် အသုံးအနှုန်းပါပါတယ်။ ကျွန်မတို့ ပထမ သုံးနှုန်းထားတာကတော့ ဘက်စုံအတွေးအခေါ် မှန်ကန်၍လို့ အဲဒီလို သုံးနှုန်းထားပါတယ်။

အဲဒီတော့ကာ လွတ်လပ်စွာတွေးခေါ်၍ဆိုတဲ့ အသုံးအနှုန်းအစား ကျွန်မကတော့ ဘက်စုံအတွေးအခေါ်မှန်ကန်၍ဆိုတာကို ပြန်ပြီးတော့ စဉ်းစားစေချင်ပါတယ်။ ဒါ ကျွန်မ ၂(စ)နဲ့ ပတ်သက်ပြီးတော့ ၂(ဆ)နဲ့ ပတ်သက်ပြီးတော့ ကျွန်မ အဆိုပြုတာပါ။ နောက်တစ်ခုကတော့ ကျွန်မတို့ ၃၄(ည)ပါ၊ ၃၄(ည)ကတော့ တစ်နိုင်ငံလုံး အသံတွေလည်း တော်တော်လေးဆူညံပါတယ်။ ကာယကံရှင်တွေ အနေနဲ့လည်း ဒါကို လက်မခံနိုင်စရာအကြောင်းမရှိပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ လောလောဆယ် လက်ရှိရှိနေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ ရေးရာအားလုံး ကဏ္ဍအားလုံးနဲ့ ကြည့်လိုက် တယ်ဆိုလို့ရှိရင် ၃၄(ည) ကတော့ တကယ်ပဲ မလိုအပ်ဘူးလို့ထင်တဲ့အတွက်ကြောင့်မို့လို့ ၃၄(ည)ကို ဖြုတ်ပေးပါလို့ ကျွန်မ မေတ္တာ ရပ်ခံပါတယ်။

နောက်တစ်ခါကျတော့ ၄၉(ခ)ပါ။ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်လိုက်တဲ့အထဲမှာပါတဲ့ ၄၉၊ ဒါလည်း အတူတူပါပဲ၊ သဘောတရားကတော့ သိပ်တော့ မကွဲပြားပါဘူး။ ဒါပေမဲ့ စကားလေးတွေက နည်းနည်း အတူတူပဲ အဓိပ္ပာယ်ပဲထပ်ပါတယ်။ သို့သော် ဖြစ်သင့်ဖြစ်ထိုက်တာလေးကို ဖြစ်စေချင်လို့ ကျွန်မ ဒါပြောတာပါ။ နောက်ထပ်လည်း ကျွန်မတို့ ထပ်ပြီးတော့ ဆွေးနွေးစရာတွေကလာမှာ ဖြစ်ပါတယ်။ အဲဒါကဘာလည်းဆိုတော့ ဒါ ကျွန်မတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ၄၉(ခ)မှာ၊ ၄၉(က)ကတော့ ကျွန်မ မဖတ်တော့ဘူး။ ၄၉(ခ)က သင်ယူသူများသည် (က) လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ စုဝေးခွင့် ဆိုပြီးတော့ သုံးနှုန်းထားပါတယ်။ ပြင်ထားပါတယ်။

အဲဒီတော့ ကျွန်မကဒီ လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့်ဆိုတာမှာ ဒီစကားရပ်ကို ကျွန်မ ကြားနေတာ တော်တော်လေး မီဒီယာမှာလည်းဖတ်ရတယ်၊ တော်တော်လေးကြာပါပြီ။ ဘာလို့လည်းဆို တော့ စဉ်းစားတွေးခေါ်တဲ့နေရာမှာ စိတ်ဆိုတာက အစိုးမရပါဘူး။ နောက်ပြီးတော့ စိတ်ကို ဘာခေါ်

မလည်းဆိုတဲ့ အခါကျတော့ အကျဉ်းချလို့မရဘူးလို့ ကျွန်မက အဲဒီလို စိတ်ကို တစ်စုံတစ်ယောက်က သူ့စိတ်ကို ကျွန်မက အကျဉ်းချမယ်ဆိုတာမျိုးမရဘူး။ အဲဒီလိုလည်း ဥပဒေပြဋ္ဌာန်းထားတာမျိုး တွေလည်း မတွေ့ဖူးဘူးလို့ ကျွန်မ အဲဒီလိုထင်တယ်။ အဲဒီတော့ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့် ဆိုတာ တောင်းကတည်းကိုက အဲဒီဟာကြီးက မှားတယ်လို့ အဲဒီ လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့် ပေးပါလို့ ပြောတာကိုကပဲ မှားတယ်လို့ ကျွန်မကတော့ အဲဒီလိုပဲ ယူဆပါတယ်။

အဲဒါကြောင့်မို့ လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့်ဆိုတဲ့ဟာကပါ ပါလာတာမှာ ကျွန်မကတော့ ကျန်တဲ့ လွတ်လပ်စွာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့် ဆိုတာတွေက အဓိပ္ပာယ်ရှိတယ်လို့ ကျွန်မ အဲဒီလို ယူဆပြီးတော့ ဒီ လွတ်လပ်စွာစဉ်းစားတွေးတောခွင့်ဆိုတာကြီးကတော့ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်မ တစ်ကိုယ်တည်းရဲ့ ဒါ Personal ကျွန်မ ခံယူချက်ပါ။ ယုံကြည်ချက်ပါ။ အဲဒီလိုယုံတဲ့အတွက် ကြောင့်မို့လို့ ဒီ လွတ်လပ်စွာစဉ်းစားတွေးတောခွင့်၊ တွေးခေါ်ခွင့်ဆိုတာကြီးကိုတော့ ကျွန်မတို့က ထည့်ပြီးတော့ မပြဋ္ဌာန်းသင့်ဘူးလို့ ကျွန်မတော့ အဲဒီလိုယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ ၄၉(ခ) ကိုလည်း နည်းနည်း ပြန်ပြီးတော့ စဉ်းစားစေလိုပါတယ်။

နောက်တစ်ခုကတော့ ၅၇ ပါ။ ၅၇ ကလည်း အတူတူပါပဲ။ ကျွန်မတို့က ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးနေတဲ့ လွှတ်တော်အနေနဲ့ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတဲ့အခါတော့ ကျွန်မတို့ ကျန်တဲ့လူတွေရဲ့ အလိုဆန္ဒတွေကို ကျွန်မတို့က ပြည့်အောင် ဖြည့်ဆည်းပေးရမှာဖြစ်သလို တခြားသော တောင်းဆိုနေတဲ့ ပြည်သူလူထုရဲ့အသံတွေကိုလည်း ကျွန်မတို့က ဥပေက္ခာပြုလို့မရပါဘူး။ နောက်ပြီး တော့လည်း တကယ်လည်း ဖြစ်သင့်ဖြစ်ထိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၅၇ ကိုတော့ဖျက် မပစ်ဘဲနဲ့ နဂိုအတိုင်းပဲ ပြန်ပြီးတော့ ထည့်ပေးစေလိုပါတယ်။

နောက်တစ်ခါကျတော့ စောစောကဆွေးနွေးသွားတဲ့ ၆၂(က)ပါ။ အဲဒီဟာကတော့ ဒီပညာ ရေးနဲ့ပတ်သက်တဲ့ အသုံးစရိတ်တောင်းတဲ့ဟာပေါ့နော်။ အဲဒီတောင်းတဲ့ဟာမှာလည်း ကျွန်မတို့ ကတော့ အစောကပြောထားသလိုပဲ ကျွန်မတို့ ဆွေးနွေးစဉ်တုန်းက ကျွန်မတို့ ပညာရေးဝန်ကြီးက ပြောပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ ပညာရေးအသုံးစရိတ်ကို (၅၀)ရာခိုင်နှုန်းရတယ်လို့ ခွင့်ပြုတယ်ဆိုရင် ပိုပြီး တော့တောင်မှ ကျွန်မတို့ ဝမ်းသာပါတယ်။ အဲဒီလို ဝန်ကြီးကပြောပါတယ်။ အဲဒီလိုပါပဲ။ ကျွန်မတို့ကလည်း ကျွန်မတို့ တိုင်းပြည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးတဲ့ အခါမှာ အတတ်နိုင်ဆုံး များများရလေ၊ ကျွန်မတို့က ဝမ်းသာလေဆိုတဲ့စကားကို အဲဒီလိုပဲ ပြောရမှာ ဖြစ်ပါတယ်။

သို့သော်ငြားလည်းပဲ ကာလံဒေသံ၊ အဂ္ဂိမန်နဲ့ ကျွန်မတို့ အခြေအနေအရပ်ရပ်ကို ထည့်ပြီးတော့ စဉ်းစားရမှာ ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာလည်း ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို နှစ်ခုယှဉ်လို့ရှိရင်တော့ ဖြစ်သင့်တာကို ပိုပြီးတော့ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာကို ပြဋ္ဌာန်းသင့်တယ်လို့ ထင်ပါတယ်။ တစ်ခုရှိတာကတော့ (၅)နှစ်အတွင်းမှာ (၂၀)ရာနှုန်းအထိရောက်ဖို့ ဆိုတဲ့အခါမှာ တကယ် သိပ်ပြီးတော့ အခြေအနေကောင်းလာရင် ကျော်ချင်လည်း ကျော်သွားမယ် သို့တည်းမဟုတ် ပြည့်ချင်မှလည်းပြည့်မယ်၊ အဲဒီတော့က အစောက ကျွန်မတို့ ကိုယ်စားလှယ်တော် ကြီးများ ဆွေးနွေးသွားသလိုပဲ ဒါကိုတော့ ကိန်းဂဏန်းမပါဘဲနဲ့ ကျွန်မတို့က ဒီအတိုင်း ပြောင်၊ တစ်နှစ် ထက်တစ်နှစ် ပိုမိုပြီးတော့ သုံးစွဲသွားမယ်လို့ ပြဋ္ဌာန်းလို့ရှိရင်လည်း အဆင်ပြေနိုင်စရာရှိတယ်လို့

ကျွန်မက အဲလိုပဲ အကြံပြုလိုပါတယ်။ ကျန်တာတွေတော့ သိပ်ပြီးတော့ များများစားစား ဆွေးနွေးစရာ မရှိပါဘူး။

ကျွန်မတို့ ဒါ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးကြဦးမှာ၊ ပြည်ထောင်စုမှာ ပြန်ပြီးညှိကြဦးမှာဆိုတော့ အဲဒီကျတော့မှပဲ ကွဲလွဲချက်တွေကို ထပ်ပြီးတော့ ကျွန်မတို့ ဆွေးနွေးညှိနှိုင်းဖို့ စိတ်ကူးထားပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ကတော့ လောလောဆယ် ဒီနားထောင်နေတဲ့၊ ကြည့်နေတဲ့ ကျောင်းသားလေးများကိုလည်း ကျွန်မတို့က သားသမီးတွေနဲ့ အတူရင်ထဲမှာ ကိုယ့်သားသမီးလိုပဲ ခံစားပြီးတဲ့အခါကျတော့မှ ကျွန်မတို့ သူတို့ လိုအင်ဆန္ဒတွေကို သူတို့စိတ်တိုင်းကျ ဖြည့်စွမ်းပေးချင်ပါတယ်။ သို့သော်ငြားလည်းပဲ ဒါကတော့ အများနဲ့ အကုန်ကြည့်ပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်မတို့ အခုလိုဆုံးဖြတ်တဲ့ အပေါ်မှာလည်း သူတို့ နားလည်စေချင်တယ်၊ ကျွန်မတို့ နောက်ဆုံး အတတ်နိုင်ဆုံး ကျွန်မတို့ ဒီကဏ္ဍကတော့ လုပ်သွားလိမ့်မယ်လို့ ကျွန်မက ယုံကြည်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အောက်ပါအတိုင်း ကျွန်တော်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ အမှတ်စဉ်(၄)၊ အပိုဒ်(၃)။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂(ဆ)တွင် အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့များနှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး၊ လွတ်လပ်စွာ တွေးခေါ်၍ အကျင့်စာရိတ္တ ကောင်းမွန်သော လူ့စွမ်းအား အရင်းအနှီးများကို ခေတ်စနစ်၏လိုအပ်ချက်နဲ့အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်လို့ ဆိုတဲ့စကားမှာ အဲဒီရဲ့စကားစုအစား လွတ်လပ်စွာ တွေးခေါ်၍ဆိုတဲ့ စကားလုံးနေရာမှာ စဉ်းစားတွေးခေါ်တတ်၍ဆိုသော စကားကို အစားထိုးပြီးတော့ အမျိုးသားပညာရေးဆိုသည်မှာ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကိုတန်ဖိုးထား မြှင့်တင်ပြီး စဉ်းစားတွေးခေါ်တတ်၍ ကိုယ်ကျင့်တရားကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရန်နှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်လို့ အစားထိုး ပြောင်းလဲလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အမှတ်စဥ်(၈)၊ အပိုဒ်(၇)တွင် ဖော်ပြထားတဲ့ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးကို အကဲဖြတ်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်ဟု အစားထိုးပြောင်းလဲလိုပါတယ်။

ဆိုလိုတာက ဒီမှာကျွန်တော်ပြောချင်တာ နိုင်ငံတော်တွင် အကောင်အထည်ဖော်လျက် ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများဆိုတဲ့နေရာမှာ ပညာဆိုတဲ့စကားကို ရှေ့ကထည့်ချင် ပါတယ်။ သူ့မူရင်းမှာတော့ ဘယ်လိုရေးထားသလဲဆိုရင် စီမံကိန်းများဆိုတာ စီမံကိန်းဆိုတဲ့ အရေအတွက်ဟာ ရေတွက်လို့မရတဲ့ အမျိုးအစားများတဲ့အတွက်ကြောင့် ပညာရေးစီမံကိန်းများဆိုတဲ့ စကားကို ကျွန်တော်က သုံးချင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားတဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အမှတ်စဥ်(၁၀)၊ အပိုဒ်(၉)ရှိ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂(သ)ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဆိုသည်မှာ အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမများ၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်လို့ ပြင်ဆင်ပြောင်းလဲလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက အတည်ပြုထားပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၏ အမှတ်စဥ်(၁၂)၊ အပိုဒ်(၁၁) အမျိုးသားပညာရေးဥပဒေပုဒ်မ ၂(အ)အဖြစ် ဖြည့်စွက်ထားသည့် စာပိုဒ်တွင် လူတိုင်း အကျုံးဝင် ပညာရေးအစား အထူးပညာရေးဆိုတဲ့ စကားလုံးကို ပြင်ဆင်အစားထိုးလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အမှတ်စဥ် (၁၃)၊ အပိုဒ်(၁၂)။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်(၁၀)ရှိ ပုဒ်မခွဲ (ဇ)ကို မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၄ ၏ ပုဒ်မခွဲ (ဠ)နှင့် (ဎ)တို့မှာ မလိုအပ်တော့သည့်အတွက် ၎င်းတို့ကို ပုဒ်မခွဲ (ပ)နှင့် (ဏ)တို့အဖြစ် ပြန်လည်အမှတ်စဥ်ရန် မလိုအပ်တော့ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အပိုဒ် (၂၈)တွင် ဖော်ပြထားတဲ့ စာပိုဒ် (ဍ)။ သင်ယူသူများ ဘဝတစ်လျှောက်လုံး အစဥ်အကျုံးဝင်သည့် ပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဥ်းစားတွေးခေါ်မြော်မြင်မှုများရရှိစေပြီး လက်တွေ့ဘဝနှင့်ကိုက်ညီ ဆက်စပ်မှုရှိသော သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေး (ဖြစ်စေရေး)ဆိုသောစကားသည် လက်တွေ့ဖြစ်နိုင်ခြေ မရှိသဖြင့် ပယ်ဖျက်သင့်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အပိုဒ်(၃၃)ကို အောက်ပါအတိုင်း ပြင်ဆင်ရေးသားသင့်ပါသည်။ ပုဒ်မ ၄၃(က) မြန်မာဘာသာစကားကို

တစ်ပြည်လုံးတွင် သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုရမည်။ (ခ) အင်္ဂလိပ်ဘာသာ စကားကို အခြေခံပညာမူလတန်းကျောင်း၊ သူငယ်တန်းအဆင့်မှစ၍ သင်ကြားရမည်။ (ဂ) မိခင် တိုင်းရင်းသား ဘာသာစကားများကို ကျောင်းချိန်၏ပြင်ပတွင် သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာအစိုးရက စီစဉ် ဆောင်ရွက်ရမည်လို့ ကျွန်တော်ပြုပြင်ပြောင်းလဲချင်ပါတယ်ခင်ဗျား။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ အမှတ်စဉ်(၄၁)၊ အပိုဒ်(၄၈) တွင် ဖော်ပြထားတဲ့ ပုဒ်မ ၄၆ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိ၏ကလေးကို မည်သည့်ကျောင်းတွင်မဆို အပ်နှံခွင့်ရှိသည်ဆိုတဲ့စကားကို ပယ်ဖျက်ထားမယ့်အစား ပြန်လည် ထည့်သွင်းအသုံးပြုစေချင်ပါတယ်။ ဒီဟာက (The Right of Parents) မိဘတွေရဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ကျောင်းတွေကလက်ခံနိုင်တာ၊ မခံနိုင်တာကတော့ သူတို့ရဲ့ အကျိုးအကြောင်းနဲ့ပဲ ပြောပါလိမ့်မယ်။ အလားတူ (၄၇)၊ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းရရှိစေရန် ကျောင်းအုပ်ချုပ်ရေး အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သင့်သည်ကိုလည်း မပယ်ဖျက်ဘဲ ထည့်သွင်းထားသင့်ပါတယ်ခင်ဗျား။

အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉(ဂ)ကို ပညာထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့် နိုင်သည့် အစီအမံများ ထားရှိရမည်ဟု ပြောင်းလဲရေးသားပြီး ပြန်လည်ထည့်သွင်းထားသင့်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၄၉(ဃ)တွင် ပညာထူးချွန်သူများဆိုသည့် စကား ရပ်ကို ပယ်ဖျက်သင့်ပါသည်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အပိုဒ် (၃၈)၊ ပုဒ်မ ၄၉-ခ။ (က)တွင် လွတ်လပ်စွာ စဉ်းစားတွေးခေါ် ခွင့်ဆိုသော စကားစုကို ပယ်ဖျက်သင့်ပါတယ်။ အလားတူ ပုဒ်မ ၄၉-ခ။ (ခ)တွင် ဆရာများ၏ သင်ကြားမှုစွမ်းရည်အပေါ် မိမိတို့၏ထင်မြင်ချက်ကို တက္ကသိုလ် ကောင်စီသို့ ရေးသားတင်ပြခွင့်ရှိသည်ဟု ပြုပြင်ပြောင်းလဲရေးသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ ဆွေးနွေးတဲ့ဥပဒေကတော့ ဥပဒေ ပြင်ဆင်ရေး ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့ ပြင်ဆင်တဲ့ဥပဒေဟာ အင်္ဂလိပ်ကိုလိုနီခေတ်က အတည်ပြု ပြဋ္ဌာန်းတဲ့ ဥပဒေကို ပြင်ဆင်ဖို့ဆွေးနွေးနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်က ပြီးခဲ့တဲ့ လပိုင်းကနေမှ အတည်ပြုခဲ့တဲ့ဥပဒေကို အခုတစ်ခါ ပြန်လည် ပြင်ဆင်ဖို့ဆွေးနွေးနေရခြင်း ဖြစ်ပါတယ်။ ဒီအခါမှာ ဒီဥပဒေပြင်ဆင်ဖို့ အကြံပြုတဲ့လူကလည်း ဒီပြင်ပအဖွဲ့အစည်းဖြစ်တဲ့ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းကပဲ ဖြစ်ပါတယ်။ ဒါကို အစိုးရအဖွဲ့က တင်သွင်းတဲ့အခါမှာလည်း ဘာမှ Made up လုပ်ခြင်းမရှိဘဲနဲ့ တိုက်ရိုက်တင်သွင်းတာ တွေ့ရတယ်။ အဲဒီတော့ ဒီဥပဒေ ပြင်ဆင်တဲ့ဥပဒေတွေ ထဲမှာ ပြင်ဆင်ချင်တဲ့ဥပဒေက ကျောင်းသားသမဂ္ဂ ဖြစ်ပြီးတော့ ဒီပြင်ဆင်တဲ့ ဥပဒေမှာလည်း ကျောင်းသား သမဂ္ဂနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေလည်း အများကြီးပါနေတာ တွေ့ရပါတယ်။ ဒါကြောင့်

ကျွန်တော် ကျောင်းသားသမဂ္ဂနဲ့ပတ်သက်တဲ့ကိစ္စကို အတိတ် Review နဲ့ အနာဂတ် Forecast ကို အဓိက High Light လုပ်ပြီးတော့ ဆွေးနွေးပါရစေခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားသမဂ္ဂတွေရဲ့လှုပ်ရှားမှုကဆိုလို့ရှိရင် ပထမဦးဆုံး မြစ်ဖျားခံတာကတော့ ၁၉၂၀ ကျောင်းသားအက်ဥပဒေပေါ်မူတည်ပြီးတော့ ကျောင်းသားလှုပ်ရှားမှု ဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့အခု အသက်(၈၀)ကျော်လောက်ရှိပြီးတော့ အင်္ဂလန်နိုင်ငံကနေ ပြီးတော့ အထူးကုဆရာဝန်ကြီးဘွဲ့ရတဲ့ တစ်ယောက်ကတော့ကျွန်တော့်ကို ပြောဖူးပါတယ်။ ဒီလှုပ်ရှားမှုက ကျွန်တော်တို့ ကျောင်းသားတွေမှားတယ်လို့ သူပြောပါတယ်။ အဓိကတော့ ဘာဖြစ်သလဲဆိုရင် အဲဒီ ၁၉၂၀ ကျောင်းသားအက်ဥပဒေဟာ၊ အဓိက ကျောင်းသားတွေဟာ၊ တက္ကသိုလ် ကျောင်းသားတွေဟာ ကျောင်းအိပ်ကျောင်းစားနေရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိပါတယ်။ သူလို အင်္ဂလန်မှာတက်ပြီး မဟာဘွဲ့ယူတဲ့ တစ်ယောက်က အင်္ဂလန်နိုင်ငံရဲ့တက္ကသိုလ်ပညာရေးစနစ်ဆိုတာက သူတို့ Hostel Life ပေါ့။ တက္ကသိုလ် life style ရဲ့ဘဝကို ရအောင် တက္ကသိုလ်မှာ ကျောင်းအိပ် ကျောင်းစားထားတယ်။ ထားပြီးတော့မှ သူက တက္ကသိုလ်ပညာကိုသင်တာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံက ရှိတဲ့ကျောင်းသားတွေက တက္ကသိုလ်မှာ ကျောင်းအိပ်ကျောင်းစားနေနိုင်တဲ့ စရိတ်စက မတတ်နိုင်ပါဘူး။ ဆင်းရဲသူ၊ ဆင်းရဲသား မိဘ၊ သားသမီးတွေက ဒါကိုဆန့်ကျင်တာ ဖြစ်ပါတယ်။ အဓိကကတော့ တက္ကသိုလ်ပညာကိုလိုချင်လို့ရှိရင် တက္ကသိုလ် Life စတိုင်ရှိရမယ်ဆိုတာ ဒါ အင်္ဂလန်ရဲ့မူပါ။ ဒါကြောင့် ဒီဟာကိုဆန့်ကျင်တယ်ဆိုတာ ကျောင်းသားတွေဘက်က မှားတယ်လို့ သူက ပြောပါတယ်။ ဒါ အင်္ဂလန်မှာပဲ မဟာဘွဲ့ယူပြီးတော့ အင်္ဂလန်မှာပဲ အထူးကုနဲ့ပတ်သက်တဲ့ လုပ်ခဲ့တဲ့ဆရာဝန်ရဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။ ဒါက တစ်ပိုင်းပါ။ ဒါပေမဲ့ ဒီလှုပ်ရှားမှု ဟာ ဆိုလို့ရှိရင် နိုင်ငံရေးလှုပ်ရှားမှုမပါဘဲနဲ့ ကိုယ့်ရဲ့ အခက်အခဲ၊ အကြပ်အတည်းပေါ် မူတည်ပြီးတော့ လှုပ်ရှားမှုတွေ ဖြစ်တာတွေ့ရပါတယ်။

ဒီလှုပ်ရှားမှုကနေပြီးတော့ နောက်ထပ် (၁၃)နှစ်လောက်ကြာတဲ့အခါမှာတော့၊ ၁၉၃၀ ကျော်လောက်မှာ ရန်ကုန်တက္ကသိုလ်တွေမှာ ကျောင်းသား သမဂ္ဂ လှုပ်ရှားမှုတွေ စတင်ပေါ်ပေါက်လာတယ်။ ဒီလှုပ်ရှားမှုရဲ့ ဦးတည်ရည်ရွယ်ချက်ကတော့ ကျောင်းသားရေးမဟုတ်ဘဲနဲ့ နိုင်ငံ လွတ်လပ်ရေးအပေါ်၊ အမျိုးသားရေးအပေါ် မူတည်တာတွေ့ရပါတယ်။ ဒီရဲ့ အကျိုးဆက်အဖြစ် ဒီ ၁၉၃၀ ကျော်က ဖြစ်တဲ့ အကျိုးဆက်အဖြစ် နောက် (၁၃)နှစ်လောက်ကြာတဲ့အခါမှာ၊ ၁၉၄၈ မှာ မြန်မာနိုင်ငံမှာ အစိုးရအဖွဲ့ အပြောင်းအလဲပေါ်သွားပါတယ်။ ၁၉၄၈ မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပါတယ်။ ဒီလွတ်လပ်ရေး ရပြီးတဲ့နောက် (၁၃)နှစ်လောက်ကြာတဲ့အခါမှာ တိုက်တိုက်ဆိုင်ဆိုင်ပါ။ ၁၉၆၂ မှာ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုပေါ်ပါတယ်။ ဒီပေါ်တဲ့ ရည်ရွယ်ချက်ကလည်း အဲဒီခေတ်က ပေါ်တာ ဒီစစ်အစိုးရ အဖွဲ့နဲ့ ပတ်သက်ပြီး ဆန့်ကျင်တဲ့၊ စစ်တပ်အုပ်ချုပ်မှုကို ဆန့်ကျင်တဲ့ ကျောင်းသား သမဂ္ဂ လှုပ်ရှားမှုဖြစ်တယ်။

ဒီကျောင်းသား သမဂ္ဂ လှုပ်ရှားမှုကတော့ ဖြိုခွဲခြင်းခံရပါတယ်။ ဒီဖြိုခွဲမှုခံရပြီးတဲ့နောက်ပိုင်း နောက်ထပ် (၁၃) နှစ်လောက်ကြာတဲ့အခါမှာ ၁၉၇၄-၇၅ လောက်မှာပဲ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှု ဦးသန့် နဲ့ မှိုင်းရာပြည့်ကို အကြောင်းပြုပြီးတော့ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု ထပ်ပေါ်ပါတယ်။ ဒီလှုပ်ရှားမှုကလည်း အချိန်တန်ပြီးတော့အခါ၊ ပြီးသွားတဲ့အခါမှာ အဲဒီကနေ နောက်ထပ်(၁၃)နှစ်လောက်ကြာတဲ့အခါမှာ ၁၉၈၇-၈၈ မှာ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု ထပ်ပေါ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်မီခဲ့တဲ့ ၁၉၈၇-၈၈ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုနဲ့ပတ်သက်လို့ အနည်းငယ် တင်ပြပါရစေ

ခင်ဗျား။ ၁၉၈၈ ကျောင်းသားတွေလှုပ်ရှားမှုကတော့ ပထမသမဂ္ဂ မဟုတ်သေးပါဘူး။ ကျောင်းသားတွေ အစုအဖွဲ့ပုံစံပဲ လှုပ်ရှားတာပါ။ ဒါပေမဲ့ ဗဟိုစင်တာ ပျောက်နေတဲ့အတွက် ကျောင်းသား သမဂ္ဂဖွဲ့စည်း ရမယ်ဆိုတဲ့ Mind Self ကတော့ ကျွန်တော်တို့ လှုပ်ရှားခဲ့တဲ့ ကျောင်းသားတိုင်းမှာ ရှိပါတယ်။ ရှိပါတယ်။ ရှိတဲ့အခါမှာ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းဖို့ စတင်လှုပ်ရှားရပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အဓိပတိလမ်း မှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာကျွန်တော်တို့နောက်ဖြစ်လာမယ့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်တဲ့ ကိုမင်းကိုနိုင် နဲ့ ကိုမိုးသီးဇွန် တို့က တစ်ဖွဲ့၊ နောက်ထပ်ကျောင်းသားတစ်ဖွဲ့ကတစ်ဖွဲ့၊ ကျွန်တော်တို့ ဟောပြောဖို့အတွက် ရွေးချယ်ခံခဲ့ရပါတယ်။ အဲဒီမှာ ပထမရွေးချယ်ခံရတဲ့ အဖွဲ့ဟာ ကျောင်းသားလှုပ်ရှားမှုပဲလုပ်မယ်။ နိုင်ငံရေးလှုပ်ရှားမှု မလုပ်ဘူး။ ကျောင်းသားအရေး လိုအပ်တာပဲလုပ်ပြီးတော့ ဒီဟာကိုရပ်မယ်လို့ ပြောတဲ့အချိန်မှာ ကိုမင်းကိုနိုင် နဲ့ ကိုမိုးသီးဇွန် တို့အုပ်စုက၊ အဓိက ကိုမိုးသီးဇွန် ကတော့ မရဘူး။ ကျောင်းသားလှုပ်ရှားမှုတင် လုပ်လို့မရဘူး။ နိုင်ငံကိုပြုပြင်ပြောင်းလဲရမယ်။ နိုင်ငံရေးလှုပ်ရှားမှု ဆက်လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဟောပြောပြီးတော့ မဲဆွယ်ကြပါတယ်။ မဲဆွယ်ကြတဲ့အခါမှာ ကျွန်တော်တို့ အဓိပတိလမ်းမှာရှိတဲ့ ကျောင်းသားတွေအဖွဲ့အစည်းဟာ ကိုမင်းကိုနိုင် နဲ့ ကိုမိုးသီးဇွန် တို့ကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီအခါ ကစပြီး မြန်မာနိုင်ငံမှာ ကျောင်းသားသမဂ္ဂဆိုတဲ့ဟာ ၈၇-၈၈ ကစပြီး တရားဝင်တိတိကျကျ ပေါ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်ဆက်လက်တင်ပြချင်တာက ကျောင်းသား သမဂ္ဂ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ ကိုမိုးသီးဇွန် ဟာ အထွေထွေ အတွင်းရေးမှူးဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ သူ မိန့်ခွန်းတစ်ခု၊ ကဗျာတစ်ပုဒ်ကို ရွတ်ပါတယ်။ ဒီကဗျာဟာ ဘာလဲဆိုလို့ရှိရင် ငါပြန်လာခဲ့မယ် ဆိုတဲ့ ကဗျာပါပဲ။ ဒီကဗျာမှာ ဘာပါလဲဆိုလို့ရှိရင် တစ်နေ့ အဲဒီ ဦးနေဝင်း နဲ့ ဦးစန်းယု ကို တက္ကသိုလ် ကွန်မြူနီကေးရှင်းဟောကြီးရဲ့ ခြင်္သေ့ကြီးနှစ်ကောင်ရှေ့မှာ၊ မြေမြှုပ်သင်္ဂြိုလ်ပြီးတဲ့အခါမှာ ငါပြန်လာခဲ့မယ် ဆိုတဲ့ကဗျာကို သူရွတ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျောင်းသားသမဂ္ဂဖွဲ့စည်းပြီ၊ ကျောင်းပိတ်ပြီ ကျောင်းသားတွေအားလုံး တစ်စုတစ်ကွဲ ဖြစ်ပြီဆိုတာသိတဲ့ အတွက် တစ်ချိန်ပြန်လာရတဲ့ အခါမှာ ဒီလိုပုံစံမျိုးအနေအထားနဲ့ သူပြန်လာမယ် ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာတော့ ဦးနေဝင်း နဲ့ ဦးစန်းယုကလည်း ရိုးရိုးသားသားပဲ တခြားနေရာမှာ ကွယ်လွန်ခဲ့ပါတယ်။ ကိုမိုးသီးဇွန်လည်း အမေရိကန်နိုင်ငံကနေ ပြန်မလာနိုင်တော့ပါဘူး။ ဒါဟာ လက်တွေ့အဖြစ်အပျက်ပဲ ဖြစ်ပါတယ်။ အဲဒီအချိန်ကတော့ လမ်းစဉ်ပါတီအစိုးရပါပဲ။ ဒါပေမဲ့ အဲဒီအချိန် ၈၈ စက်တင်ဘာမှာ တပ်မတော်အစိုးရပေါ်တဲ့အခါမှာ ကျောင်းသားသမဂ္ဂတွေ အကုန်လုံးက မြေပြင်ပေါ်မှာ မတွေ့ရတော့ပါဘူး။ ယူဂျီပုံစံ ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ စက်မှု တက္ကသိုလ် သမဂ္ဂကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်တို့ ကိုအောင်ထွန်း အပါအဝင် ကျွန်တော်တို့ အဖွဲ့အစည်းဖွဲ့ခဲ့ပါတယ်။ ဖွဲ့တဲ့အခါမှာ တပ်မတော် အုပ်ချုပ်ရေးဖြစ်တဲ့အတွက် ကျွန်တော်တို့က ပေါ်ပေါ်ထင်ထင် မဖွဲ့နိုင်ပါဘူး။ ကျွန်တော်တို့ နီးစပ်ရာလူယုံတွေစုပြီး အခန်းတစ်နေရာ မှာပဲ ဖွဲ့ခဲ့ပါတယ်။ ကျွန်တော်လည်း အဲဒီမှာတာဝန်တစ်ခုကို ယူခဲ့ပါတယ်ခင်ဗျား။ ဒါဟာ ဘာတင်ပြချင်လဲ ဆိုလို့ရှိရင် ကျွန်တော်တို့ဖွဲ့စည်းခဲ့တဲ့ ကျောင်းသားသမဂ္ဂတွေဟာ ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိတိကျကျ မရှိဘူး ဆိုတဲ့သဘောပါပဲ။ အဓိကအားဖြင့် တင်ပြရမယ် ဆိုလို့ရှိရင်တော့ ကိုမိုးသီးဇွန် တို့၊ ကိုမင်းကိုနိုင် တို့အုပ်စု ရွေးချယ်တဲ့အခါမှာ ရွေးချယ်တဲ့ပုံစနစ်ကို တင်ပြရမယ်ဆိုလို့ရှိရင် ကိုမင်းကိုနိုင်

တို့အဖွဲ့ကို ထောက်ခံတဲ့လူတွေက လက်ခုပ်တီးပြီးတော့ ဟိုအဖွဲ့ကိုတက်လာတဲ့အခါမှာ ကျွန်တော်တို့ကို ပြောင်းဖူးရိုးနဲ့ ပစ်ပေါက်ပြီးတော့ အဆုံးအဖြတ်ပေးပါတယ်။ အဲဒီခေတ်က ဖွဲ့စည်းပုံက စည်းမျဥ်းဟာ ဆိုလို့ရှိရင် ဒီလိုမျိုး စနစ်တကျမရှိဘူး။ တော်လှန်ရေးကာလ ဖြစ်တဲ့အတွက် လက်ခုပ်သံတွေ၊ ပြောင်းဖူးရိုး တွေနဲ့ပဲ အဆုံးအဖြတ် လုပ်ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုအောင်ထွန်း နဲ့ ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းကလည်း အခန်းထဲမှာပဲ ကြိတ်ပြီး တော့ တိုးတိုးတိတ်တိတ် ဖွဲ့စည်းရတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါဟာ ၈၇-၈၈ ကျောင်းသားသမဂ္ဂရဲ့ ကျောင်းသားလှုပ်ရှားမှုရဲ့သမိုင်းပါ။ ဒီဟာကနေပြီးတော့ နောက်ထပ်(၁၃)နှစ်လောက် ကြာတဲ့အခါမှာ ၂၀၀၀ ခုနှစ်မှာကျတော့ ဒီအမှောင်ခေတ်ရောက်နေတဲ့အခါမှာတော့ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုက ထင်သာမြင်သာအောင် မတွေ့တော့ပါဘူး။ ဒါပေမဲ့ အဲဒီကနေ နောက်ထပ် (၁၃)နှစ်လောက်ကြာတဲ့အချိန် ၂၀၁၄ မှာတော့ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု ပြန်ပေါ်လာပါတယ်။ အခု တွေ့နေရတဲ့ အဖွဲ့အစည်း ပါခင်ဗျ။ ဒါပေမဲ့ ဒီအဖွဲ့အစည်းရဲ့ Ambition က ကျန်တဲ့အဖွဲ့အစည်းနဲ့ ပါသွားပါတယ်။ ၁၉၂၀ ကျောင်းသားအက်ဥပဒေဆန့်ကျင်တာကလွဲပြီး ကျောင်းသားသမဂ္ဂလှုပ်ရှားမှုအားလုံးဟာ အစိုးရအဖွဲ့ ပြုတ်ကျရေး၊ အစိုးရအပြောင်းအလဲပြုရေးကို အဓိကရည်ရွယ်ကြတာ တွေ့ရပါတယ်။ ဒီလက်ရှိပေါ်နေတဲ့ ကျောင်းသား သမဂ္ဂကတော့ အစိုးရပြုတ်ကျရေး၊ အပြောင်းအလဲပေါ်ရေး မဟုတ်ဘဲနဲ့ ဒီပညာရေး လောကရဲ့ ဦးဆောင်မှုအခန်း၊ မူဝါဒအပိုင်း၊ ဘတ်ဂျက်အပိုင်းတွေမှာ သူတို့ ပါဝင်ဖို့ဆိုတဲ့အချက်ကို High Light လုပ်ပြီး တင်ပြတာတွေ့ရပါတယ်။ ဒါဟာ အဓိက ကွာခြားချက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့က နဂိုတုန်းက တော်လှန်ရေးကာလမှာ ဆိုလို့ရှိရင် ဖွဲ့စည်းပုံမလိုပေမယ့် ဒီအချိန်ကတော့ မူဝါဒပိုင်းတွေ၊ အဆုံးအဖြတ်တွေ၊ ဘတ်ဂျက်ပိုင်းတွေနဲ့ စီမံခန့်ခွဲရေး အပိုင်းတွေပါလာပြီ ဆိုလို့ရှိရင်တော့ ကျောင်းသား သမဂ္ဂတွေက ဖွဲ့စည်းပုံက မရှိမဖြစ် ဖြစ်ရမှာပါ။ လက်ရှိ အချိန်မှာတော့ ကျောင်းသား သမဂ္ဂက ဖွဲ့စည်းပုံမရှိသေးပါဘူး။ ဒီအခု ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာလည်း ကျောင်းသား သမဂ္ဂပါလာပြီနဲ့ပတ်သက်လို့၊ ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ ရေးထားတာ တွေ့တဲ့အခါမှာ ဒီသက်ဆိုင်ရာ တက္ကသိုလ်ရဲ့ပဋိညာဥ်နဲ့ အတူဖွဲ့စည်းရမယ်ဆိုတဲ့ အချက်ပါပါတယ်။ အဲဒီတော့ ထပ်မေးစရာ ရှိတယ် ဆိုတာက ပဋိညာဥ်ဆိုတာက အဲဒီပဋိညာဥ်ဆိုတာက ဘယ်သူဆွဲမှာလဲ။ ဘယ်သူက အတည်ပြုမှာလဲ။ ဒီဆွဲတဲ့အတည်ပြုတဲ့ဟာကို ကျောင်းသားက လက်ခံမှာလား။ ဆွဲတဲ့အခါမှာ ရော ကျောင်းသား ပါမှာလား ဆိုတဲ့အချက်တွေက မေးခွန်းမှာပါတာ ဖြစ်နေတယ်။ အဲဒီတော့ ဒီပဋိညာဥ်နဲ့ ပတ်သက်လို့ ဒီလောက်ပဲပြောရင် ပဋိညာဥ်နဲ့ ပတ်သက်တာကို ပြင်ဆင်ချက် ဥပဒေမှာ Definition မဖွဲ့နိုင်ပါဘူး။ အဲဒီတော့ ဥပဒေရဲ့သဘောက ကျစ်လစ်ခိုင်မာမှုမရှိဘဲနဲ့ ပဋိညာဥ်ဆိုတာ ဘာမှန်းမသိဘူး ဆိုတဲ့ဟာကို ပြင်ဆင် အတည်ပြုရမယ့်သဘော ဖြစ်နေပါပြီ ခင်ဗျား။ အဲဒီတော့ ဆက်လက်တင်ပြရမယ် ဆိုရင် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျောင်းသားသမဂ္ဂ ဆိုတာ အရောင်အဆင်း မရှိဘူးဆိုရင်တော့ အလွန်တရာ ရှက်စဖွယ်ကောင်းနေပါတယ်။ ရှက်စဖွယ်ကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဟာဆိုလို့ရှိရင် တပ်မတော်နဲ့ အတူတူ ပူးတွဲပါဝင်နိုင်တယ် ဆိုလို့ရှိရင် တပ်မတော်ထက်ရှေးကျတာက ကျောင်းသား သမဂ္ဂ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် တချို့နိုင်ငံတွေမှာ၊ အနောက်နိုင်ငံတွေမှာ ကျောင်းသားသမဂ္ဂအရေးမပါဘူး ပြောတာဟာ သူတို့နိုင်ငံရဲ့ Climate နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ Climate က မတူပါဘူး။ သူတို့နိုင်ငံရဲ့

History နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ History မတူပါဘူး။ ကျွန်တော်တို့နိုင်ငံရေးလောကမှာ တပ်မတော်ကို ပစ်ပယ်လို့မရဘူး ဆိုလို့ရှိရင်လည်း တပ်မတော်ထက်ရှေးကျတဲ့ ကျောင်းသားသမဂ္ဂကိုလည်း ပစ်ပယ်လို့ ရမှာ မဟုတ်ပါဘူးခင်ဗျား။ ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း ကျောင်းသားသမဂ္ဂလောကကနေ ကျွန်တော် ကျောခိုင်းခဲ့ရပါတယ်။ အဲလို ကျောင်းသားသမဂ္ဂဆိုတာမျိုးက အဓိကအားဖြင့် ငယ်ရွယ်သူနဲ့ လုပ်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူတို့မှာဘဝ အတွေ့အကြုံတွေ၊ ကျိုးကြောင်းဆီလျော်မှုတွေ၊ ရင့်ကျက်မှုတွေ လိုနေတာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ဥပမာအနေနဲ့ တင်ပြရရင် ဘုရင်ကြီးက ဟဲ့ ဦးပေါ်ဦး၊ ဥတကာဥထဲမှာ ဘာဥ အကောင်းဆုံးလဲလို့ မေးတဲ့အခါမှာ လိပ်ဥပါ ဘုရားလို့ ပြောပါတယ်ခင်ဗျား။ ဒါကို ဘုရင်ကြီးက သူ့ချည့်ပဲလား လို့မေးတဲ့အခါမှာ ဆားနဲ့ပါဘုရားလို့ ပြောသလိုပဲ ကျွန်တော်တို့ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းအတွက် ဆားလိုပါတယ် ခင်ဗျား။

ဒီဆားဟာဆိုရင် အတွေ့အကြုံရှိတဲ့၊ ရင့်ကျက်မှုရှိတဲ့၊ ကျိုးကြောင်းဆင်ခြင်မှုရှိတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် မိဘများအဖွဲ့အစည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိဘများသမဂ္ဂ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကျောင်းသားသမဂ္ဂတွေဟာ ကျောင်းသားနဲ့ပတ်သက်တဲ့ကိစ္စတွေ လုပ်လို့ကိုင်လို့ ရပါတယ်ခင်ဗျား။ ဒီလိုလုပ်မှပဲ သူတို့ရဲ့ဘဝအတွေ့အကြုံက ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအစိုးရအဖွဲ့နဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲရေးတွေ၊ အုပ်ချုပ်ရေးတွေ၊ ဆရာခန့်ထားရေးကိစ္စတွေကတော့ မိဘများသမဂ္ဂ အကူအညီနဲ့သာ လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြရမယ် ဆိုလို့ရှိရင်တော့ ယခု ဥပဒေကြမ်းမှာ ပါတာ ကတော့ ဆရာများသမဂ္ဂအဖွဲ့အစည်းဆိုတာ ပါပါတယ်။ အဓိကက ကျွန်တော်တင်ပြချင်တာက ဆရာများ သမဂ္ဂဆိုတာ မလိုပါဘူး ခင်ဗျား။ ဆရာဆိုတာက အဓိက Professional သမားပါ။ Trainer ပါ။ ILBC မှာ ကျွန်တော် သွားတက်တဲ့အခါမှာ သူတို့က ဆရာမခေါ်ပါဘူး။ Trainer လို့ပဲ ခေါ်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီဆရာက သူသိတဲ့ဟာကို ပြောတာမဟုတ်ပါဘူး။ ဒီ Syllabus ကို သင်ရိုးကို မင်းသင်ပါ ဆိုတာ သူတို့ညွှန်းတာ ဖြစ်ပါတယ်။ ဒီသင်ရိုးအတိုင်းသူက သင်ရတာဖြစ်တယ်။ အဓိကအားဖြင့် သူက Trainer သာ ဖြစ်ပါတယ်။ အဲဒီတော့ သူရဲ့ Trainer တစ်ခုက သူ့ရဲ့ Professional အလုပ်ဖြစ်တယ်။ ကိုယ့်ရဲ့ Performance က ကိုယ်အကောင်းဆုံးဖြစ်အောင်တော့ လုပ်ရမယ်။ တစ်နည်းအားဖြင့် ဘောလုံးအသင်း တွေက ကမ္ဘာကျော်ဘောလုံးသမားတွေလို ဖြစ်ပါတယ်။ ဘောလုံးသမားတွေ ကိုယ့်ကိုကိုယ်ကောင်းဖို့ လုပ်ထားရပါတယ်။ ကိုယ့်ကိုကိုယ်ကောင်းလို့ရှိရင် သက်ဆိုင်ရာကလပ်တွေက ခေါ်ယူပါတယ်။ ဆရာတွေဟာဆိုရင် သမဂ္ဂ မလိုပါဘူး။

ဆရာတွေဟာဆိုရင် ကိုယ့်အရည်အချင်းကောင်းအောင် လုပ်ထားရဖို့ပဲ လိုပါတယ်။ ဒီလို လုပ်ထားရမယ်ဆိုရင် မိဘများသမဂ္ဂနဲ့ ဒီအစိုးရအဖွဲ့အစည်းနဲ့ မိဘများသမဂ္ဂအဖွဲ့အစည်းကနေပြီးတော့ Sponsor ပေးတာကို အစိုးရအဖွဲ့က ခန့်ထားနိုင်မှာ၊ ရွှေ့ပြောင်းနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ဆရာများသမဂ္ဂဟာ သူကိုယ်တိုင်လည်း ကြေးစားဖြစ်တယ်။ ကိုယ်တိုင်လည်း သူ့ဘဝ Trainer ဖြစ်တဲ့ အတွက် သူဟာသမဂ္ဂမလုပ်ဘဲနဲ့ ကိုယ့်အရည်အချင်းကိုယ်ရှိအောင် လုပ်ထားဖို့ လိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရလို့ရှိရင် ဒီခေတ်က လေးသံ မြားသံက ကုန်ပါပြီ ခင်ဗျား။ ကျွန်တော်တို့ တိုက်တဲ့၊ ခိုက်တဲ့ ခွပ်ဒေါင်းတွေ မရှိတော့ပါဘူး။ တင်ပြရမယ်ဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂကဆိုရင် ခွပ်ဒေါင်းကို ယူထားတာဖြစ်ပါတယ်။ နိုင်ငံတော်အလံတောင်မှ လိုအပ်တဲ့

အချိန်အခါပေါ်မှာ မူတည်ပြီး ပြောင်းလဲသလိုမျိုး ကျောင်းသားသမဂ္ဂတွေရဲ့ Logo ဟာလည်း ပြောင်းရမယ့် အချိန်အခါတွေ ရောက်နေပါပြီ။ လေးသံ၊ မြားသံ နဲ့ တိုက်သံ၊ ခိုက်သံတွေမလိုတော့ပါဘူး။ ကရမယ့်၊ ခုန်ရမယ့် ကဒေါင်းအဖြစ်ကို ရောက်ပါပြီ ခင်ဗျား။ ဒါကြောင့် ကျွန်တော်ဟာ တင်ပြချင်တာက တော့ ကျောင်းသား သမဂ္ဂတွေရဲ့ အခု လိုလားချက်က အရင်ပုံစံမဟုတ်ပါဘူး။ သူတို့က ဆိုလို့ရှိရင် Soft Power ဆိုတဲ့ဂိမ်းမှာ Play ဖို့ပါ။ ဒါကြောင့် သူတို့က Smart ကျဖို့ လိုပါတယ်။ သူတို့ရဲ့ ဖွဲ့စည်းပုံ လိုပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်းပုံမရှိဘဲနဲ့ ကျွန်တော်တို့ ဒီဥပဒေပြင်ဆင်ချက်ကလုပ်လို့ မရပါဘူးခင်ဗျ။ နောက်ပြီးတော့ လက်ရှိ ဥပဒေကလည်း ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းထားတာ မကြာသေးဘူး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က ကျောင်းသားသမဂ္ဂတွေ၊ ဆရာများသမဂ္ဂတွေ အခြားလိုအပ်တဲ့ Accessories တွေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွေ၊ ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ဒီဥပဒေဟာ ပြုပြင်ပြောင်းလဲရေး အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲရေး ဥပဒေမှာလိုအပ်သလို ထည့်သွင်း ရေးဆွဲရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျောင်းသားသမဂ္ဂမရှိဘဲနဲ့ ဒီဥပဒေကို ထည့်မယ်ဆိုလို့ရှိရင် ကျောင်းသားသမဂ္ဂဥပဒေတော့ မရှိဘူး၊ ကျောင်းသားသမဂ္ဂတွေ ရောက်နေတယ်ဆိုလို့ရှိရင် အဖေ့ထက် သားတစ်လကြီး ဖြစ်နေပါလိမ့်မယ်။ အဲဒီတော့ လက်ရှိ ဒါကြောင့် ကျွန်တော်တင်ပြချင်တာကတော့ အခု အမျိုးသားပညာရေး ပြင်ဆင်ရေးဥပဒေကြမ်းကို လိုအပ်တဲ့ဥပဒေ ဆောက်ရမှာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းတစ်ရပ်လုံးကို ပယ်ဖျက်ပေးဖို့ လွှတ်တော်က ဆုံးဖြတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် ဒီမိုကရေစီ ပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲ ခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့် ပြသခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးရပ်နားပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီနှင့် ကြားနာပွဲ ဗွီစီဒီကို ဆက်လက် ပြသမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်

(ကြာသပတေးနေ့) နေ့လယ် ၁း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။
(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက် နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]